တဆယ်ထုကျေးရွာ

ရပ်ဘော့ကျေးရွာအုပ်စု၊ နောင်မွန်မြို့နယ်

ကချင်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ တဆယ်ထုကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နောင်မွန်မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

အောက်တိုဘာ  လ ၊ ၂၀၂၀ ပြည့်နှစ်

**မာတိကာ**


မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

**(င) ပညာရေး**

**(စ) ကျန်းမာရေး**

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**(ဇ) ကျား – မ ရေးရာ**

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

# တဆယ်ထုကျေးရွာ သဘာဝသယံဇာတပြမြေပုံ



# တဆယ်ထုကျေးရွာ ရာသီခွင်ပြက္ခဒိန်

| စဉ် | အကြောင်းအရာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရာသီဥတု | | | | | | | | | | | | |
| ၂။ | အလုပ်အကိုင် | ထင်းခွေ | ထင်းခွေ | ထင်းခွေ | | ပျိုးကျ | ပျိုးကျ | ကောက်စိုက် | ကောက်စိုက် | – | – | ကောက်ရိတ် | ကောက်ရိတ် |
| ၃။ | ဝင်ငွေ | – | | | | | – | – | | | | – | – |
| ၄။ | ရောဂါ(လူ) | – | – | – | – | – | – | – | – | – | – | – | – |
| ၅။ | ရောဂါ (တိရိစ္ဆာရန်) | – | – | – | – | – | – | – | – | – | – | – | – |
| ၆။ | အသီးအနှံ ရောဂါ | – | – | – | – | – | – | | | – | – | – | – |
| ၇။ | သဘာဝဘေး | – | – | – | – | – | – | – | – | – | – | – | – |
| ၈။ | ဝမ်းစာဖူလုံမှု | | | | | | | | | | | | |
| ၉။ | ပျော်ပွဲရွှင်ပွဲ | နှစ်သစ်ကူးပွဲ | – | မင်္ဂလာဆောင်ပွဲ | ရှင်ပြုန် ထမြောက်ပွဲ | – | – | – | – | – | ကောက်သစ်စားပွဲ | – | ခရစ်စမတ်ပွဲ |

## တဆယ်ထုကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှု ပုံစံ




### ၁။ တည်နေရာနှင့် ပထဝီအနေအထား

ကျေးရွာသည် ကချင်ပြည်နယ်၊ ပူတာအိုခရိုင် ၊နောင်မွန်မြို့နယ်ရပ်ဘော့ကျေးရွာအုပ်စု၊ နောင်မွန် မြို့မှ (၁၁)မိုင်ခန့် ကွာဝေးပြီး ၊ နောင်မွန်မြို့၏ တောင်ဘက်မှစီးဆင်းလာသော ကဆန်ချောင်းနံဘေး မြောက်လတ္တီတွဒ် ၂၇˙ ၆၅’ မှ ၂၈˙ ၁၅’ နှင့် အရှေ့ လောင် ဂျီတွဒ် ၉၇˙ , ၀ မှ ၉၈˙ , ၀.၉’ တွင် တည်ရှိ သည်။ ပင်လယ်ပြင်မျက်နှာပြင်အထက် ၁၇၉၈’ တွင်တည်ရှိပြီး ဇရိယာစတုရန်းမိုင် (၃၀၂၁) တွင် တည်ရှိပြီး တောင်တန်းဒေသဖြစ်သောကြောင့် မိုးများသည့်ဒေသဖြစ်ကာ မိုးရေချိန် လက္မ(၁၈၈)ခန့် တွင်တည်ရှိပါသည်။မြေအမျိုးအစားမှာ သဲဆန်သောမြေအမျိုးအစာဖြစ်ပြီး ရာသီဥတုမှာ မိုး၊ဆောင်း ရာသီဥတု(၂)မျိုးသာရှိပါသည်။

### ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၁၈၈)ခန့် ရရှိသည်။ သဘာဝပေါက်ပင်များမှာ ဝါး၊ ညောင်ပင်၊ငှက်ပျောနှင့်သဖန်း၊စကားဝါ စသော အခြားသောအမျိုးအမည်မသိအပင်များစွာပေါက်ရောက်သည်။ မိုးစပါး သီးနှံစိုက်ပျိုးနိုင်သော လယ်(၁၇) ဧက၊တောင်ယာ(၂)ဧက၊ဥယာဉ်ခြံ(၆)ဧက၊မြေလွတ်/လပ်(၁၀)ဧကရှိပြီး၊ သခွား၊ ငရုတ်၊ ပြောင်းဖူး၊ ပီလောပီနံ၊ ကစွန်းဥ၊ ပိန်းဥ ဆောင်သီးနှံ များကို ဥယာဉ်ခြံ၊တောင်ယာများတွင် စိုက်ပျိုးကြသည်။ကျေးရွာတွင်နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိပါ။ သဘာဝပေါက် ဆေးဖက်ဝင်အပင်များမှာ ဆင်တုံးမနွယ်၊နန္ဒင်းဝါ၊ ငရုပ်ကောင်း၊ ဝါး၊ ဂျာမနီပင်၊ အခြားအမျိုးအမည်မသိ သောဆေးဖက်ဝင်အပင် များရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် ထိရောက် စွာအသုံးမပြုနိုင်ကြပါ။

## ၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်း အဖွဲ့ပေါင်း (၁၃) ဖွဲ့ရှိပြီး စီးပွါးရေးကို အခြေခံသောအဖွဲ့ ၁ ဖွဲ့ရှိပြီး လူမှုရေးကို ခြေခံသောအဖွဲ့ ၂ ဖွဲ့နှင့် ဘာသာရေးကိုအခြေခံသောအဖွဲ့ ၃ဖွဲ့၊နိုင်ငံရေးကို အခြေခံသောအဖွဲ့(၃)ဖွဲ့၊ အုပ်ချုပ်ရေးနှင့်ကာကွယ်ရေးကို အခြေခံသောအဖွဲ့(၂)ဖွဲ့၊ ပညာရေးကိုအခြေခံသောအဖွဲ့(၁)ဖွဲ့ ၊ကျန်းမာရေးကိုအခြေခံသောအဖွဲ့(၁)ဖွဲ့တို့ပါရှိသည်။ ၄င်းအဖွဲ့များကို သုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့ ကိုယ်တိုင်လိုအပ်ချက်အရ ဖွဲ့စည်းသောအဖွဲ့များသည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြသည်။ ပြင်ပမှ လုပ်ငန်းလိုအပ်ချက်အရ ဖွဲ့စည်းခဲ့သော အဖွဲ့များရှိ သော်လည်း တာဝန်ယူမှု တာဝန်ခံမှု၊ အပြန်အလှန် ယုံကြည်မှု အားနည်းသည်။ လုပ်ငန်းစွမ်း ဆောင်မှုလည်း အားနည်းသည်။ ရေရှည်ရပ်တည်နိုင်မှု မရှိကြပါ။ သက်ဆိုင်ရာစီမံချက်လုပ်ငန်း အကောင်အထည်ဖော်ရုံ သဘောမျှသာ ဖွဲ့စည်းထားသည့် ပုံစံဖြစ်ပါ သည်။ ခြုံငုံ၍သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာ ဖွဲ့စည်းထားသော အဖွဲ့ အစည်းများအားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် ကျေးရွာကို ကောင်းစွာ ဦးဆောင်စီမံခန့်ခွဲ နိုင်သော အဖွဲ့အစည်းစနစ်မရှိပါ။ ကျေးရွာအတွင်းအဖွဲ့အစည်းများစွာရှိသော်လည်း တဖွဲ့နှင့်တဖွဲ့ အခြေ အနေကို မသိကြဘဲ အဖွဲ့အစည်း အချင်းချင်း ချိတ်ဆက်မှုလည်းမရှိ။ ချိတ် ဆက်မှုအားနည်းသည်။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ် မိုး စပါးစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး၊ ပြောင်းဖူးနှင့် ဆောင်းသီးနှံ၊ ကျေးရွာတွင် လယ် **၁၇** ဧက၊တောင်ယာမြေ ၂ဧက၊ကိုင်းကျွန်း(၆)ဧက၊မြေလွတ်/လပ်(၁၀)ဧက ရှိသည်။ လယ်ယာမြေမှာ မြေဆီလွှာအရည်အသွေး အသင့်သင့်ရှိသော်လည်း ကျန်စိုက်ပျိုးမြေများမှာ မြေဆီလွှာ အရည်အသွေးသင့်သည်။ လယ်များမှာ မိုးရေကို အားကိုးစိုက်ပျိုးနေကြရပြီး ကျေးရွာ၏ အနိမ့်ပိုင်း လယ်များသည် မိုးရာသီတွင် ရေလွှမ်းခြင်းကြောင့် စပါးများပုပ်ပြီး ကောက်ပြန်စိုက်ရသည့်အခက်အခဲ များ ကြုံတွေ့နေရပါသည်။ ထို့ကြောင့် ရေနုတ်မြောင်း နှင့် ရေပြွန်နိုင်ပါက အဆင်ပြေပြန်လည် စိုက်ပျိုး လာနိုင်မည်ဖြစ်သည်။ စပါးတစ် ဧက အနည်းဆုံး တင်း (၃၀) မှ အများဆုံးတင်း (၄၅) ရှိပြီး ပျမ်းမျှ တစ်ဧက

(၅၃) တင်းနှီးထွက် သည်။ မိုးစပါးကို ဇွန် လတွင် စတင်ပျိုးထောင် စိုက်ပျိုး ကြပြီး ဇူလိုင်လ တွင်ကောက်စိုက်ကာ နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။

ပြောင်းဖူးကို ပြေီ/မေလများတွင်စတင် စိုက်ပျိုးကြပြီး ဇွန်/ဇူလိုင်လများတွင် ရိတ်သိမ်းကြသည်။ ပြောင်းဖူးကိုစီးပွားအဖြစ်စိုက်ပျိုးခြင်းမလုပ်ဘဲ တစ်ပိုင်တစ်နိုင်အတွက်သာ စိုက်ပျိုးကြသည်။

ဟင်းသီးဟင်းရွက်များကို စီးပွားဖြစ်စိုက်ပျိုးလေ့မရှိဘဲ အိမ်စားသုံးရန်အတွက်လောက်သာ စိုက်ပျိုးကြသည်။သီးနှံများဈေးကွက်ရှိသော်လည်း မြေဆီလွှာများ စိုက်သလောက်မဖြစ်ထွန်းသောကြောင့် အကျိုးအမြတ်နည်းစွာရရှိကြသည်။မိရိုးဖလာစိုက်ပျိုးလာသောဖော်ပြပါသီးနှံများကိုသာစိုက်ပျိုးနိုင်ကြပြီး အခြား ဈေးကွက်ဝင်သီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ သီးနှံထုတ်လုပ်မှုမှ ဝင်ငွေနည်းသည့် အတွက် လူငယ်များသည် ပြင်ပသို့ထွက်၍ ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံထုတ် လုပ်မှုတွင် လုပ်သား ရှားပါးလာပါသည်။

ကျေးရွာတွင် မြေယာမဲ့ ၂ အိမ်၊ ဆင်းရဲသားတောင်သူ ၁၃ အိမ်ရှိသည်။ ကျေးရွာတွင် အိမ်မွေး တိရိစ္ဆာန်များကိုအိမ်တိုင်းနီးပါးမွေးမြူကြသော်လည်းစီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။ ကဆန်ဒမ်းကျေးရွာ တွင် နွား၇ကောင်၊ ကျွဲ၁၅ကောင်၊ ဝက်၁၁ကောင်၊ ကြက်၁၀၆ကောင်၊ ဘဲ ၅ကောင် မွေးမြူကြသည်။

## (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် ချောင်းရေအသုံးပြုသူ(၁၄)အိမ်ထောင်စု ရှိသော်လည်း ရေအရည်အသွေးကောင်း /မကောင်းမသိကြပါ။ ထို့ကြောင့် သောက်ရေအရည်အသွေးစစ်ဆေးရန် လိုအပ်သည်။ ချောင်းရေကိုသာ သောက်သုံးရသောကြောင့်မိုးတွင်းအချိန်ခါတွင်ရေနောက်မှုများရှိကာသောက်သုံးရန် အခက်ခဲရှိပါသည်။

ကျေးရွာတွင် မူလတန်းကျောင်းအဆင့်ထိရှိပြီး ကျောင်းသားဦးရေမှာ ၁၄ ဦးရှိသည်။အလယ်တန်း ကျောင်းသားဦးရေမှာ ၁၃ ဦး၊ အထက်တန်း ကျောင်းသားဦးရေ ၄ ဦးရှိပြီး အလယ်တန်းနှင့် အထက်တန်း ကျောင်းသူ/သားများမှာ ကျေးရွာနှင့် (၂)မိုင်ခွဲခန့်ဝေးသော ရပ်ဘော့(၁)ကျေးရွာသို့ သွားရောက်တက် ကြရသည်။ ရပ်ဘော့နှင့်တဆယ်ထုကျေးရွာကြားရှိ တံတားများ၊ ရွာချင်းဆက်လမ်းများ မကောင်းခြင်း တို့ကြောင့် အလွန်ဒုက္ခရောက်ကြရပါသည်။ထို့ကြောင့် ရွာချင်းဆက်လမ်းများ ကောင်းမွန်အောင် ကတ္တရာလမ်းများ ပြုလုပ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပါသည်။နွေနှင့်ဆောင်းတွင် သွားလာရ အသင့်အတင့် အစဉ်ပြေသော်လည်း မိုးတွင်းအခါတွင် ရွှံ့ဗွက်လမ်း အသွင်ပြောင်း၍ အလွန်သွားလာရ ခက်ခဲသော လမ်းဖြစ်ပါသဖြင့် အလွန်ညံ့သောလမ်းဟု ဆိုရပါမည်။ ရွာတွင်းလမ်းအရှည်မှာ ၂မိုင်ခန့်ရှိပါသည်။ ရွာချင်းဆက်လမ်းမှာ ကျောက်ခင်းလမ်းဖြစ်ပြီး မြောက်ဘက်တွင် မကွေဇစခန်းတည်ရှိပြီး မိမိတို့ ကျေးရွာနှင့်(၂)မိုင်ခန့်တည်ရှိပြီး၊တောင်ဘက်တွင် တည်ရှိသော ရပ်ဘော့ကျေးရွာနှင့်လည်း (၂)မိုင် ခန့် တွင်တည်ရှိပါသည်။ကျောက်ခင်းလမ်းဟုဆိုသော်လည်းအချို့နေရာများတွင်ကျောက်တစ်ဝက် အချို့နေရာ များတွင် မြေသားတစ်ဝက်နှင့်လမ်း မကောင်းပါ။

ကျေးရွာတွင် အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ငှက်ဖျားရောဂါ၊ သွေးတိုးရောဂါဖြစ်သည်။ အခြားရောဂါများ အနည်းငယ်ရှိသော်လည်း ကျေးလက်ကျန်းမာရေးဌာနခွဲ သည်ရပ်ဘော့ကျေးရွာတွင်ရှိခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့အစည်းများဖြစ်သည့် (MAM)

ပြင်ပအသင်းများ ရှိခြင်းကြောင့် အချိန်မှီဆေးရုံ၊ဆေးပေးခန်းများသို့ ကူညီပို့ဆောင်ပေးနိုင်သဖြင့် အသက်ဆုံးရှုံးမှုမရှိပါ။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ စောင့်ရှောက်အဖွဲ့များ၏ ကျန်းမာရေးပညာရေး ဟောပြောမှုများကြောင့် ယခင်အိမ်သာမရှိသောအိမ်များပင် ယင်လုံအိမ်သာ(ရေလောင်းအိမ်သာ)များ အသုံးပြုနေကြပြီး ကျေးရွာတွင် အိမ်သာမရှိအိမ်ထောင်စုမရှိကြောင်းတွေ့ရှိရပါသည်။

ကျေးရွာတွင် ဆိုလာစနစ်သုံးစွဲ သူ၁၆အိမ်ထောင်စုရှိပါသည်။ ဆိုလာစနစ်သုံးစွဲသူများမှာ ရာသီဥတုမကောင်းပါက အားမပြည့်ပါ။ စာကြည့်မီးအတွက်သာသုံးရပြီး ကျန်အိမ်သုံး လျှပ်စစ်ပစ္စည်းများ အသုံးပြုမရနိုင်သောကြောင့် အခက်အခဲများရှိသည်။

ကျေးရွာ နှင့်အနီးဆုံးဈေးမှာ နောင်မွန်ဈေးဖြစ်ပြီး ၁၁ မိုင်ခန့်ဝေးသည်။ ကျေးရွာမှထွက်သော စပါး၊ပြောင်းစသော ကုန်စည်များများရောင်းမည်ဆိုပါက ကျေးရွာမှ မိုင်(၁၁)ကျော်ခန့် ကွာဝေးသော နောင်မွန်ဈေးသို့ ဆိုင်ကယ်ဖြင့်သွားရောင်းရပါသည်။ ရောင်းချမည့်ကုန်စည်များ ပို့ဆောင်ရာတွင် လမ်းပန်းဆက်သွယ်မှု မကောင်းခြင်းကြောင့် သွားလာရေးအခက်ခဲရှိပြီး လမ်းဆိုးမှုကြောင့် ဆိုင်ကယ်များ ပျက်စီးမှုများပြီး ကုန်ကျစရိတ်များပါသည်။ထို့ ကြောင့် ဈေးကွက်သို့ ချောမွေ့စွာ ရောက်ရှိနိုင်ရန်အတွက် လမ်းကောင်းရန်လိုအပ်ခြင်းနှင့်ကျေးရွာနှင့်သိပ်မဝေးသောနေရာ၌ ဈေးကွက်တစ်ခုရှိထားနိုင်ရန် လိုအပ်ပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

မြစိမ်းရောင်ချေးငွေမှာ အတိုးနှုန်းသက်သာသည်။ အပေါင်ခံမလိုသော်လည်း ကာလတို ချေးငွေဖြစ်ပြီး ချေးငွေလုံလောက်မှုရှိပါ။ထို့ကြောင့် တောင်သူများနှင့် သင့်လျော်သော အတိုးနှုန်းသက်သာသည့် နှစ်ရှည်ချေးငွေပံ့ပိုးပေးရန် တင်ပြကြသည်။

**(င) ပညာရေး**

ကျေးရွာတွင်မူလတန်းကျောင်းအဆင့်ရှိပြီးမူလတန်းကျောင်းသားဦးရေမှာ ၁၄ဦးရှိသည်။ကျောင်းသုံးစားပွဲ၊ ကုလားထိုင်များ လုံလောက်မှုမရှိသေးသဖြင့် ရပ်ရွာကျောင်းကော်မတီများ၊ မိဘဆရာအသင်း များမှ ကူညီပံ့ပိုးထားရှိသည်။ ကျောင်းအိမ်သာအခြေအနေ အသင့်အတင့် ကောင်းမွန်သော်လည်း လုံလောက်မှုမရှိပါ။

တပည့်ဆရာအချိုးမှာ ၄၀: ၁ အောက်ရှိသောကြောင့် ဆရာ/ဆရာမ လုံလောက်မှုရှိသည်။မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ်မရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကရိယာလုံလောက်မှုရှိသည်။ ဆင်းရဲသောမိသားစုများအတွက် ကိုယ်ပိုင်သုံး ကျောင်းစရိတ် မတတ်နိုင်မှုမှာ အသင့်အတင့်ရှိသည်။ ကျောင်းတွင် အားကစားကွင်းရှိသော်လည်း အားကစားပစ္စည်းလုံလောက်မှု မရှိပါ။ မိဘဆရာအသင်း၏ အခန်းကဏ္ဍ အသင့်အတင့်သာ ကောင်းသည်။

အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာနိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

**(စ) ကျန်းမာရေး**

အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါးမှု နိမ့်သည်။ ဆင်းရဲသားများမှာ ခြင်ထောင်မသုံးစွဲနိုင်ခြင်း၊ ရေဝပ်ခြင်းနှင့် ခြုံပုတ်များရှိပြီး ခြင်ပေါသဖြင့် သွေးလွန်တုတ်ကွေး အဖြစ်များသည်။ ငှက်ဖျားရှိသော်လည်း ဖြစ်ပွါးမှုနိမ့်သည်။ အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါနှင့် လိင်မှ တဆင့်ကူးစက်နိုင်သော ရောဂါ၊ တီဘီရောဂါနှင့် အဟာရ ချို့တဲ့မှုရောဂါများ ဖြစ်ပွါးမှုနိမ့်သည်။ ဟင်း ချိုမှုန့်အလွန်အကျွံသုံးခြင်း၊ ဓါတုဆေးဝါးပါသော အသားငါး၊ ဟင်းသီး/ရွက်နှင့် အသီးများ၊ အရောင်ချွတ်ဆေးပါသော အစားအစာများကို နေ့စဉ် မလွဲမရှောင်သာ စားသောက်နေရခြင်း၊ ကျန်းမာရေးလေ့ကျင်းခန်းပြုလုပ်သည့် အလေ့အထမရှိခြင်းတို့ကြောင့် ဆီးချို၊ သွေးတိုး ရောဂါမှာ အဆိုးဆုံးဖြစ်ပွါးပြီး ကျန်းမာရေးဆေးကုသစရိတ် ကုန်ကျမှုများကြသည်။ အသည်းရောင်ရောဂါ (ဘီ၊စီ) မှာလည်း အသက်ရှုလမ်းကြောင်းမှတဆင့် ကူးစက်ခြင်းနှင့် လူအသုံးအဆောင်များကို ရောဂါရှိသူများနှင့် အတူသုံးစွဲရာ မှတဆင့် အလွယ်တကူ ကူးစက်နိုင်သော ကြောင့် အသည်းရောင်ရောဂါ (ဘီ၊စီ) အဖြစ်များသည်။ ကျေး ရွာတွင် အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ ကျန်းမာရေးဗဟုသုတလည်း အားနည်းသည်။ ထို့ ကြောင့် ကျေးရွာကျန်းမာရေးအနေဖြင့် ကျန်းမာရေးပညာပေးသင်တန်း၊ ကျန်းမာရေးလေ့ကျင့်ခန်းသုံး ကရိယာများ လိုအပ်လျက်ရှိပြီး ကျေးရွာတွင် ကာကွယ်ဆေးများကို ပုံမှန်ထိုးပေးလေ့ရှိသည်။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီသြဇာ အခြေအနေတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသည့် အလေ့အကျင့်ကြောင့် မြေဆီလွှာတိုက်စားခြင်းနှင့် မြေဆီသြဇာ လျော့နည်းလာပြီး အန္တရာယ်ရှိမှုမြင့်သည်။ လူအသုံးဝင်သော အပင်မျိုးစိတ်များ (ဝါး၊ သစ်၊ ဆေးဖက် ဝင် အပင်များ၊ သစ်ခွများ စသည်) မှာလည်း စည်းကမ်းမဲ့ထုတ်ယူသုံးစွဲခြင်းနှင့် ထိန်းသိမ်းမှု အားနည်း ခြင်းတို့ကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ရာသီဥတုဖေါက်ပြန်ခြင်းနှင့် ဓါတုဆေးဝါများကို စနစ်တကျသုံးစွဲခြင်းမရှိသောကြောင့် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှု တွင်လည်း အန္တရာယ်ရှိမှု မြင့်သည်။ သစ်တောပြုန်းတီးမှုကြောင့် ရေထွက်နှင့် ရေအရင်းအမြစ်များ ခမ်းခြောက်လာသဖြင့် ရေအရင်းအမြစ်များ အန္တရာယ်ရှိမှု လတ်ဖြစ်သည်။ ဘက်ထရီဖြင့် ရှော့တိုက်ခြင်း၊ ပိုးသတ်ဆေးဘူး ခွံများကို လယ်များ၊ ချောင်းများတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ငါးမျိုးကွဲများ ပြုန်းတီးလာကြပြီး အန္တရာယ် ရှိမှု မြင့်သည်။ စည်းကမ်းကဲ့ မုဆိုးလိုက်ခြင်းနှင့် ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် အခြားတောရိုင်း တိရိစ္ဆာန်များမှာလည်း ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ဂျီ၊ တောဝက်၊ တောကြောင် အနည်းငယ်သာရှိပြီး ရှားပါးလာသည်။ မိုးရာသီတွင် မိုးရက် ဆက်ရွာသွန်းလျှင် စပါးခင်းများ ရေနှစ်မြှုပ်ခံရသော ကြောင့် အချို့တောင်သူများ၏ စပါးခင်းများရေနစ် ပျက်စီး၍ နောက်တကြိမ် ပြန်လည်စိုက်ပျိုးရခြင်းများ ကြုံ တွေ့ကြရသည်။ရေကြီးသည့်နှစ်များတွင် လယ်များ ပျက်စီးပြီး အချို့တောင်သူများ လယ်မဲ့များဖြစ်နေသည်ကို တွေ့ရှိရပါသည်။လယ်မဲ့ဖြစ်သွားသည့်တောင်သူများကို နိုင်ငံတော်မှထောက်ပံ့ရေးအစီအမံများ ဆောင်ရွက်ပေး သင့်ကြောင်းတွေ့ရှိရပါသည်။

**(ဇ) ကျား – မ ရေးရာ**

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှု ခေါင်း ဆောင်မှုမရှိသေးပါ။ လူထုမှ ရွေးချယ်တင်မြောက်ကြသော်လည်း အမျိုးသမီးများ မိမိကိုယ်မိမိ ယုံကြည်မှုအားနည်းနေသေးသောကြောင့် တာဝန်ယူနိုင်ခြင်းမရှိသေးပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ထုတ်ကုန်လုပ်ငန်းများတွင် အမျိုးသားနှင့် အမျိုးသမီးလုပ်အားခ တန်းတူရကြပြီး ကျွမ်းကျင်မှုကို အခြေခံသော ဆောက်လုပ်ရေးလုပ်ငန်းတွင် အမျိုးသားနှင့် အမျိုးသမီး လုပ်အားခ တန်းတူမရကြပါ။ ၄င်းလုပ်ငန်းများအနက် ဆောက်လုပ်ရေးလုပ်ငန်းသည် လုပ်အားခ ဝင်ငွေ အများဆုံးဖြစ်ပြီး အမျိုးသား တစ်ရက်လုပ်အားခ ၇၀၀၀ ကျပ်အထိနှင့် အမျိုးသမီးများ တစ်ရက် လုပ်အားခ ၆၀၀၀ ကျပ်အထိရကြသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခ သိသာစွာ ခွဲခြားမှုမရှိဘဲ တန်း တူ ရသည်ဟု ဆိုနိုင်ပါသည်။

## ၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | လမ်းတံတားနှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးမှု စီမံကိန်း | ၁။ ရွာတွင်းလမ်းသဲကျောက်ခင်းခြင်းလုပ်ငန်း<br>၂။ ကျေးရွာတွင်းလမ်းတံတားဆောက်လုပ်ခြင်းလုပ်ငန်း | ၁ |
| ၂ | *စိုက်ပျိုးရေးကဏ္ဍ* | ၁။ စိုက်ပျိုးရေရရှိရေး၊သီးနှံအထွက်တိုး၊စိုက်ပျိုးရေးနည်းပညာအားနည်း | ၂ |
| ၃ | *ကျေးရွာမီးလင်းရေးစီမံကိန်း* | ၁။ မဟာဓါတ်အားလိုင်းသွယ်တန်းခြင်း<br>၂။ ဆိုလာမီးလင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း | ၃ |
| ၄ | *ရေနှင့်သန့်ရှင်းရေးကဏ္ဍ* | ၁။ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း | ၄ |
| ၅ | *ကျန်းမာရေးကဏ္ဍ* | ၁။ ရွာတွင်းဆေးပေးခန်းဆောက်လုပ်ပေးခြင်း | ၅ |
| ၆ | *ပညာရေးကဏ္ဍ* | ၁။ ကျောင်းဆရာမနေအိမ်အဆင့်မြှင့်တင်ခြင်း<br>၂။ ကျောင်းအားကစားကွင်းပြုလုပ်ပေးခြင်း | |

| | | | |
|---|---|---|---|
| ၇ | အသက်မွေးဝမ်းကျောင်း နည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။ အလှပြင်သင်တန်း<br>၂။ စက်ချုပ်သင်တန်း<br>၃။ ကား စက်ပြင်သင်တန်း<br>၄။ ယိုထိုး/ဆပ်ပြာပြုလုပ်နည်းသင်တန်း<br>၅။ မုန့်ပြုလုပ်နည်းသင်တန်း | ၆ |
| ၈ | *လူငယ်ဖွံ့ဖြိုးရေးသင်တန်း အားနည်းခြင်း* | -အင်္ဂလိပ်စာသင်တန်း<br>-ကွန်ပျူတာသင်တန်း<br>-မူးယစ်ဆေးဝါးအသိပညာပေးသင်တန်း<br>-နှစ်စဉ်စာပေဟောပြောပွဲကျင်းပရေး<br>-ကော်ရွာကော်မတီများဖွဲ့စည်းရာတွင် လူငယ်များအချိုး ကျပါဝင်ဖွဲ့စည်းပေးခြင်း | |

**နောက်ဆက်တွဲ (၁)**

**ဖွံ့ဖြိုးရေးဗျူဟာ ဇယား**

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| **၁။ ကဏ္ဍ–** လမ်းတံတားနှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးမှု စီမံကိန်း | | | | | |
| ရွာတွင်းလမ်းများ မိုးတွင်းချိန်အတွင်း သွားလာရခက်ခဲခြင်း | | –လုပ်အားဖြင့်ပါဝင်နိုင်ခြင်း<br>–သဲ၊ကျောက်များရှိခြင်း | –ငွေကြေးအခက်အခဲ နည်းပညာအခက်အခဲရှိခြင်း | –သက်ဆိုင်ရာကျေးလက်ဌာနမှဆောင်ရွက်ပေးရန် | **–ရွာတွင်းလမ်းသဲကျောက်ခင်းခြင်း**<br>**–ရွာတွင်းတံတားဆောက်လုပ်ငန်း** |
| **၂။ ကဏ္ဍ – စိုက်ပျိုးရေး** | | | | | |
| – ရေမရရှိခြင်း<br><br>–မျိုးကောင်းမျိုးသန့်မရရှိခြင်း<br><br>–လယ်ယာလုပ်ငန်းဆောင်ရွက်ရာတွင်နောက်နေးမှုရှိခြင်း | –ရေမရရှိမှုကြောင့် အထွက်နှုံးနည်းပါးခြင်း<br>–မျိုးသန့်မရရှိခြင်းကြောင့်အထွက်နှုံးနည်း | –လုပ်သားဖြင့်ပါဝင်နိုင်ခြင်း<br><br>–စိုက်ပျိုးရန်မြေနေရာရှိခြင်းနှင့်မျိုးကောင်းမျိုးသန့်ဝယ်ယူရန်ရှိခြင်း<br><br>–လယ်ထွန်စက်ဝယ်ရန် ရွာသားများရှိခြင်း | –ရန်ပုံငွေအခက်အခဲရှိခြင်း<br><br>–ချိတ်ဆက်မှုအားနည်းခြင်း<br><br>–ငွေကြေးအခက်ခဲရှိခြင်း | –သက်ဆိုင်ရရာကျေးလက်ဌာန/ဆည်မြောင်းဦးစီးဌာနမှဆောင်ရွက်ပေးခြင်း<br>–သက်ဆိုင်ရာ စိုက်ပျိုးရေးဌာနများနှင့်ချိတ်ဆက်ခြင်း<br><br>–သက်ဆိုင်ရာစက်မှုလယ်ယာ ဌာနနှင့်ချိတ်ဆက်ခြင်း | **–ဆည်မြောင်းတည်ဆောက်ပေးခြင်း**<br><br>–မျိုးကောင်းမျိုးသန့် ထောက်ပံ့ခြင်း<br><br>–လယ်ယာသုံးထွန်စက် အရစ်ကျရောင်းချပေးခြင်း |
| ပြဿနာ | ပြဿနာဖြစ်ရသည့် | ကျေးရွာဖွံ့ဖြိုးရေးအတွက် | ကျေးရွာဖွံ့ဖြိုးရေးအတွက် | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်း | ဆောင်ရွက်မည့် |

| | အကြောင်းရင်းဇစ်မြစ် | အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | အဟန့်အတားများ | လမ်းများ | ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| **အားနည်းခြင်း** | စိုက်ပျိုးရေးနည်းပညာ အားနည်းခြင်း | -သင်တန်းတက်ရန် လူသားအရင်းအမြစ်ရှိခြင်း | -ချိတ်ဆက်မှုအားနည်း ခြင်း | -သက်ဆိုင်ရာကျေးလက်ဌာန နှင့်ဆက်သွယ်ခြင်း | -သဘာဝမြေဩဇာပြုလုပ် ခြင်း<br>-ကိုင်းကူးကိုင်းဆက်သင်တန်းပေးခြင်း<br>-တောင်သူစိုက်ပျိုးနည်းပညာသင်တန်းပေးခြင်း |
| **၃။ ကဏ္ဍ- မီးလင်းရေး** | | | | | |
| -မီးမရရှိခြင်း | -စာကြည့်အခက်ခဲရှိခြင်း | | -ချိတ်ဆက်မှုအားနည်း<br>-ငွေကြေးအရင်းအနှီးမရှိ | -သက်ဆိုင်ရာကျေးလက်ဌာနမဆောင်ရွက်ခြင်း | -ရွာတွင်းဆိုလာမီးလင်းရေးလုပ်ငန်းဆောင်ရွက် ခြင်း<br>-မဟာဓါတ်အားလမ်းသွယ်တန်းပေးခြင်း |
| **၄။ ကဏ္ဍ- ရေနှင့်သန့်ရှင်း** | | | | | |
| -သန့်ရှင်းသောသောက်ရေမရရှိခြင်း | -သောက်သုံးရေအခက်အခဲရှိခြင်း<br>-မလုံလောက်ခြင်း | စိမ့်စမ်းရေသွယ်ဆောင်ရွက်ရန်အတွက်ရေအရင်းအမြစ်ရှိခြင်း | -ကုန်ကျစရိတ်မတတ်နိုင်ခြင်း<br>-နည်းပညာအခက်ခဲရှိခြင်း | --သက်ဆိုင်ရာကျေးလက်ဌာန/လွှတ်တော်/ပုဂ္ဂိုလ်များမှ ဆောင်ရွက်ပေးရန် | -စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးခြင်း |
| **၅။ ကျန်းမာရေးကဏ္ဍ** | | | | | |
| -ကျန်းမာရေးဝန် ဆောင်မှု | -ဆေးကုရန်အခက်ခဲများရှိခြင်း | -ဆေးခန်းဆောက်လုပ်နင်းမြေနေရာရှိခြင်း | -ကုန်ကျစရိတ်အရင်းအနှီးမရှိ/ချိတ်ဆက်မှု | --သက်ဆိုင်ရာကျေးလက်ကျန်းမာရေးဌာန/လွှတ် | -ဆေးပေးခန်းဆောက်လုပ်ပေးခြင်း |
| | | | | | |
| ပြဿနာ | ပြဿနာဖြစ်ရသည့် | ကျေးရွာဖွံ့ဖြိုးရေးအတွက် | ကျေးရွာဖွံ့ဖြိုးရေးအတွက် | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်း | ဆောင်ရွက်မည့် |

| | အကြောင်းရင်းဇစ်မြစ် | အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | အဟန့်အတားများ | လမ်းများ | ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| အားနည်းခြင်း | | -လူသားအရင်းအမြစ်ရှိခြင်း | အားနည်းခြင်း | တော်/ ပုဂ္ဂိုကများမှ ဆောင်ရွက် ပေးရန် | -အရံသားဖွား/ကျန်းမာရေးအမြင်ဖွင့်သင်တန်းဖွင့်လှစ်ပေးခြင်း<br>-ဆေးဆရာမခန့်ထားပေခြင်း |
| ၆။ ကဏ္ဍ -ပညာရေးမြှင့်တင်ခြင်း | | | | | |
| -ပညာရေးအားနည်းခြင်း | -ကျောင်းဆရာမများနေထိုင်ရန်နေရာအခက်ခဲရှိခြင်း<br>-ပညာရေးသင်ထောက်ကူပစ္စည်းမလုံလောက်ခြင်း | -အဆောက်အဦးဆောက်လုပ်ရန် လုပ်သား အင်အားဖြင့်ပါဝင်နိုင်ခြင်း<br>-မြေနေရာများရှိခြင်း | -ရန်ပုံငွေ အခက်ခဲရှိခြင်း<br>-ချိတ်ဆက်မှုအားနည်းခြင်း | -သက်ဆိုင်ရာပညာရေးဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | -ကျောင်းယင်လုံအိမ်သာဆောက်လုပ်ခြင်း<br>-ဆရာမနေအိမ်ဆောက်လုပ်ပေးခြင်း<br>-ပညာရေးသင်ထောက်ကူပစ္စည်းများထောက်ပံ့ခြင်းနှင့် ပရိဘောဂပစ္စည်းများဖြည့်စွက်ပေးခြင်း |
| ၇။ ကဏ္ဍ-စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်း | | | | | |
| -အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတိုးမြင့်ပြင်းနှင့် | -အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်သည့် (စက်ချုပ်/အလှပြင်/ | -သင်တန်းတက်ရောက်ရန် လူသားအရင်းအမြစ်ရှိ ခြင်း<br>-သင်တန်းဖွင့်လှစ်ရ | -ချိတ်ဆက်မှုအားနည်း<br>-နည်းပညာအခက်ခဲရှိ<br>-ငွေကြေးအခက်ခဲရှိ | သက်ဆိုင်ရာကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးခြင်း | -စက်ချုပ်/အလှပြင်ပစ္စည်းများထုထောင်ပေးခြင်း<br>-မုန့်မျိုးစုံသင်တန်း<br>-စက်ပြင်သင်တန်း |
| **ပြဿနာ** | **ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်** | **ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ** | **ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ** | **ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ** | **ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း** |

| | | | | | |
|---|---|---|---|---|---|
| နည်းပညာသင်တန်းများဖွင့်လှစ် မှုမရှိခြင်း | မှန့်မျိုးစုံ/စက်ပြင်/ မှိုစိုက်ပျိုးနည်း/ဆံပင်/အလှပြင်/ဖုန်းပြုပြင်/သစ်ဝါးကြိမ်ကုန်ချောလုပ်ငန်း)အားနည်းခြင်း | မြေနေရာရှိခြင်း | | | -စီးပွားဖြင့်မှိုပြုလုပ်နည်း<br>-ဆံပင်ညှပ်၊အလှပြင်သင်တန်း<br>-ဖုန်းပြုပြင်နည်းသင်တန်း<br>-သစ်ဝါးကြိမ်ကုန်ချောလုပ်ငန်းသင်တန်း |
| ၈။ကဏ္ဍ- လူငယ်ကဏ္ဍ | | | | | |
| သင်တန်းဖွင့်လှစ်မှုမရှိခြင်း | -သင်တန်းဖွင့်လှစ်ခြင်းမရှိသည့် အတွက်အင်္ဂလိပ်စကားပြောအားနည်းခြင်း<br>-ကွန်ပျူတာသင်တန်းအားနည်းခြင်း<br>-မူယစ်ဆေးဝါးအသိပညာအားနည်းခြင်း<br>-နှစ်စဉ်စာပေဟောပြောပွဲကျင်းပရေးအားနည်းခြင်း<br>-ဖွံ့ဖြိုးရေးလုပ်ငန်းမျ | -သင်တန်းဖွင့်လှစ်ရန်မြေနေရာရှိခြင်း<br>-လူသားအရင်းအမြစ်ရှိခြင်း | -သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်/ပုဂ္ဂလိကအဖွဲ့အစည်း/သက်ဆိုင်ရာကျေးလက်ဌာနများနှင့် ချိတ်ဆက်မှုအားနည်းခြင်း<br>-သင်တန်းတက်ရန်ငွေကြေးအခက်ခဲရှိခြင်း | -သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်/ပုဂ္ဂလိကအဖွဲ့အစည်း/သက်ဆိုင်ရာကျေးလက် ဌာန/အား/ကာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | -အင်္ဂလိပ်စာသင်တန်း<br>-ကွန်ပျူတာသင်တန်းဖွင့်လှစ်ပေးခြင်း<br>-မူးယစ်ဆေးအသိပညာပေးဟောပြောပွဲကျင်းပပေးခြင်း<br>-နှစ်စဉ်စာပေဟောပြောပွဲများ ကျင်းပပေးခြင်း<br>-ကော်မတီဝင်များဖွဲ့စည်းရ |
| **ပြဿနာ** | **ပြဿနာဖြစ်ရသည့်အကြောင်းရင်းဇစ်မြစ်** | **ကျေးရွာဖွံ့ဖြိုးရေးအတွက်အထောက်အကူဖြစ်စေမည့်ပိုင်ဆိုင်နေသည့်အရင်းအနှီးများ/အခြေအနေကောင်းများ** | **ကျေးရွာဖွံ့ဖြိုးရေးအတွက်အဟန့်အတားများ** | **ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ** | **ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း** |
| | ားဆောင်ရွက်ရာတွင် ကော်မတီဝင် | | | | ာတွင် လူငယ်အချိုးချပါဝင်ဖွဲ့စည်းပေးပေးခြင်း |

| | | | | | |
|---|---|---|---|---|---|
| | များတွင် လူငယ်များ အချိုးကျစွာပါဝင် ဖွဲ့စည်းမှု အား နည်းခြင်း | | | | |

## လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၂၅ ဇယား)

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | (%) |
|---|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | - | ၁ | ၁.၁% |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၆ | ၅ | ၁၁ | ၁၁.၈% |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၇ | ၄ | ၁၁ | ၁၁.၈% |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၃ | ၇ | ၂၀ | ၂၁.၅% |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၄ | ၂၃ | ၄၇ | ၅၀.၅% |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁ | ၂ | ၃ | ၃.၃% |
| **စုစုပေါင်း** | | **၅၂** | **၄၁** | **၉၃** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု (၁၆)အိမ်** | | **တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၅.၈** | | | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၆ ရှိပြီး လူဦးရေပေါင်း ၈၉ (ကျား ၁ ) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၅.၈ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော ၅ ယောက်နှုန်းထက်ကျော်နေသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း ၁ ဦး၊ ၁.၁% သာရှိသဖြင့် ယခုနှစ်များတွင် မွေးဖွါးနှုန်း နည်းကြောင်းတွေ့ရှိနေသည်။ ၅ နှစ်အောက် ကလေး **၁၁** ဦး **(၁၁.၈%)** ရှိသည်ကို သိရှိခြင်းအားဖြင့် ကာကွယ်ဆေးထိုးရမည့် ကလေး အရေအတွက် ကို အတိအကျ သိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူတွက် ချက်နိုင်မည်။ မူလတန်းအရွယ် ကလေး **၁၁** ဦး (ကျား **၇**+မ**၄**) နှင့် အလယ်တန်းကျောင်း သားအရွယ် **၂၀** ဦး (ကျား **၁၃**+မ **၇**) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေး တိုင်းကျောင်းနေ နိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ် **၄၇**(ကျား **၂၄**+ မ **၂၃**)၊ (**၅၀.၅**%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေအသင့်အတင့်များ ပြားသည်ကို တွေ့ရသည်။ ၎င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာ အ ထောက်အကူဖြစ်မည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး **၃** ဦး (ကျား **၁**+မ **၂**) ဦး (**၃.၃**%) ရှိသည်။ ကျေးရွာတွင် **သက်ကြီးရွယ်အိုများအသင့်တင့်ကျန်းမာရေးကောင်းမွန်သည်ကို တွေ့ရသည်။**

### (၂) သဘာဝရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂-၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၁၇ | ကောင်း ☐ | သင့်☒ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂ | ကောင်း ☐ | သင့်☒ | ညံ့☐ |
| ဥယျာဉ်ခြံမြေ | ၆ | ကောင်း ☐ | သင့်☒ | ညံ့☐– |
| ကိုင်း/ကျွန်းမြေ | – | – | | |
| ဓနိတောမြေ | – | – | | |
| စားကျက်မြေ | – | – | | |
| မြေလွတ် မြေလပ် | – | – | | |
| **စုစုပေါင်း** | ၂၅ | | | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှုးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်လယ်၁၇ဧက၊ဥယာဉ်ခြံမြေ၆ ရှိသည်။စိုက်ပျိုးရေးအတွက် ချောင်းရေနှင့်မိုးရေကိုသာ အဓိကထားအသုံးပြုနေရပါသည်။မြေဆီလွှာအသင့်အတင့်ရှိသည်။

## (၂-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |
| ဓါတ်သတ္တု(~~သတ္တု၊ကျောက်မျက်~~၊ ကျောက်၊ သဲ၊ ကျောက်စရစ်) စသည်များ | သဲ၊ကျောက်စရစ်(သင့်) | လွယ် |
| အခြားသဘာဝအရင်းအမြစ် | သင့် | လွယ် |
| တိရစ္ဆာန်မျိုးစိတ်များ | **သင့်** | ခက် |
| သဘာဝ အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက်အသုံးဝင်သော) | သင့် | လွယ် |
| **ပျှမ်းမျှအပူချိန်–** | **ပျှမ်းမျှမိုးရေချိန်– ၁၈၈** | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာသည် ချောင်းဘေးတွင်ရှိသောရွာဖြစ်သဖြင့် သဲ၊ ကျောက်များကို အလွယ်တကူရရှိနိုင်ပါသည်။ ရွာ၏ ပတ်ဝန်းကျင်တောင်များမှ တောဝက်၊ တောကြောင် နှင့် ဂျီများ ကိုလည်း ရံဖန်ရံခါ တွေ့မြင်ရရှိပါသည်။ အပင်မျိုးစိတ်များအနေဖြင့် လူနှင့် တိရိစ္ဆာန်တို့အတွက် အလွန်အသုံးဝင်သော ဆင်တုံးမနွယ်ပင်၊ စသောအမျိုးအမည်မသိ ဆေးဖက်ဝင် အပင်များကိုလည်း ရရှိနိုင်သည်။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ**

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး | ၁☐ ၂☐ ၃☒ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အသင့်အတင့်ရှိ |
| ၂ | လူငယ်အဖွဲ့ | ၁☐ ၂☐ ၃☒ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်(၂၀)နှင့်အထက်ရှိပြီး စွမ်းဆောင်ရည်အသင့်အတင့်ရှိ |
| ၃ | ကျောင်းကော်မတီ | ၁☐ ၂☐ ၃☒ | ပညာရေး ☒ ငွေကြေး☒<br>ကျန်းမာရေး ☐<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |
| ၄ | မိခင်အဖွဲ့ | ၁☐ ၂☐ ၃☒ | ပညာရေး ☐ ငွေကြေး<br>ကျန်းမာရေး☐<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၅ | မြစိမ်းရောင် | ၁☒ ၂☐<br>၃☐ | ပညာရေး ☐ ငွေကြေး☒<br>ကျန်းမာရေး ☐<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |
| ၆ | ရပ်မိ/ရပ်ဖ | ၁☐ ၂☐<br>၃☒ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်(၁၇)ဦးရှိပြီး စွမ်းဆောင်နိုင်မှု အသင့်အတင့်ရှိ |
| ၇ | USDP | ၁☐ ၂☐<br>၃☒ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး ☒<br>ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☒ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |
| ၈ | NLD | ၁☐ ၂☐<br>၃☒ | ပညာရေး ☒ ငွေကြေး<br>ကျန်းမာရေး☒ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☒ | |
| ၉ | COC | ၁☐ ၂☒ ၃☐ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး ☐<br>ဘာသာရေး☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |
| ၁၀ | UDP | ၁☐ ၂☐ ၃☒ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး ☒<br>ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☒ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |
| ၁၁ | MAM | ၁☐ ၂☒ ၃☐ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး ☒<br>ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☒ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁၂ | RBC | ၁☐ ၂☒ ၃☐ | ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး ☐ ဘာသာရေး☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |
| ၁၃ | AG | ၁☐ ၂☒ ၃☐ | ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး ☐ ဘာသာရေး☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

(၄) **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(၄-၁) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၅)** ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | - | - | ၁၇**ကေ** | ၀ကေ |
| အိမ်အခြေအနေ | | - | **သွပ်မိုး**/ပျဉ်ကာ | သက်ကယ် |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
